BRITISH COUNCIL

# ညွှန်ကြားရေးမှူးထံမှ အမှာစကား (၂၀၂၀ မေလ ၄ ရက်)

ယုံကြည်မှုနှင့် နားလည်မှု တည်ဆောက်ရန် နှစ်သစ်၊ အခွင့်အလမ်းအသစ်များနှင့် နည်းလမ်းအသစ်များ

အားလုံးပဲ မင်္ဂလာပါ

မြန်မာနိုင်ငံတွင် နှစ်သစ် စတင်ပြီဖြစ်ရာ Covid-19 ကပ်ရောဂါရှိနေသည့်အတွက် ကျွန်ုပ်တို့၏ လုပ်ငန်းများကို မည်ကဲ့သို့ ပုံဖော်လုပ်ကိုင်နေကြောင်းကို ပြောကြားလိုပါသည်။ ယခင်က အမှာစကားတွင်ဖော်ပြခဲ့သည့်အတိုင်း လက်ရှိအခြေအနေများကြောင့် ကျွန်ုပ်တို့ စီစဉ်ထားသော လူခြင်းတွေ့ဆုံဆောင်ရွက်ရသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမရှိသေးပါ။ သို့သော် ယူကေနိုင်ငံနှင့်မြန်မာနိုင်ငံအကြား ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်လိုသော ကျွန်ုပ်တို့၏ ဆန္ဒသည် ခိုင်မာဆဲဖြစ်သောကြောင့် နှစ်နိုင်ငံရှိ ပြည်သူများနှင့် အဖွဲ့အစည်းများကို ချိတ်ဆက်ပေးရန် နည်းလမ်းသစ်များရှာဖွေလျက်ရှိပါသည်။

#CultureConnectsUs

အင်္ဂလိပ်ဘာသာစကားလေ့လာသူများအတွက် အွန်လိုင်းသင်တန်းများကို ဧပြီလ ၂၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ပထမဆုံးအပါတ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၆၀၀ ကျော်က အတန်းပေါင်း ၁၇၀ တွင် တက်ရောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ ကမ်းနားလမ်းစင်တာ နှင့် ကျောင်းခွဲများကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်အောင် ရည်ရွယ်ထားပါသည်။

အင်္ဂလိပ်ဘာသာစကားသင်ကြားသော ဆရာ/ဆရာမများနှင့် လေ့လာသူများအတွက် ကျွန်ုပ်တို့၏ တခြားအခမဲ့အွန်လိုင်းလေ့လာစရာများကို အချိန်မရွေး ရယူနိုင်ပါသည်။

ကျွန်ုပ်တို့၏ Massive Open Online Courses (MOOCs) များကိုလည်း တစ်နှစ်ပတ်လုံး အချိန်မရွေး လေ့လာနိုင်ပါသည်။ IELTS သင်ခန်းစာများ၊ ရုပ်စီးယားပြဇာတ်များ၊ လုပ်ငန်းခွင် ကျွမ်းကျင်မှုဆိုင်ရာစွမ်းရည်များမြှင့်တင်ရေးသင်တန်းများ အပါအဝင် များပြားလှစွာသော ဘာသာရပ်များကို လေ့လာသင်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဤနေရာတွင် လေ့လာပါ။

www.britishcouncil.org.mm

စာမေးပွဲဖြေဆိုသူများအတွက် မိမိအိမ်၌ သက်တောင့်သက်သာနှင့် လုံခြုံစွာ ဖြေဆိုနိုင်မည့် အွန်လိုင်းစာမေးပွဲ 'IELTS Indicator' ကို ဧပြီလ ၂၂ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ IELTS Indicator သည် ရည်ညွှန်းရမှတ်ကိုသာ ဖော်ပြသည့်အတွက် အဖွဲ့အစည်းအားလုံးက လက်ခံလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် သင်စာမေးပွဲကြေးမသွင်းမီ သင်၏တက္ကသိုလ် (သို့မဟုတ်) ပညာရေးအဖွဲ့အစည်းနှင့် စစ်ဆေးပါ။ ပိုမိုသိရှိလိုပါက ဤနေရာတွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

အခြားသော ယူကေစာမေးပွဲများနှင့် အောင်လက်မှတ်များအတွက် စာမေးပွဲများအား ရွှေ့ဆိုင်းကျင်းပနိုင်ရန် ကျွန်ုပ်တို့၏ ယူကေရှိ မိတ်ဖက်များနှင့် အမြန်ဆုံး လုပ်ဆောင်လျက်ရှိပါသည်။

အခြားအစီအစဉ်များကိုလည်း ဆောင်ရွက်ရန် နည်းလမ်းသစ်များ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံရှိတက္ကသိုလ်များ၊ ပညာရေးကောလိပ်များနှင့်အတူလုပ်ဆောင်နေသည့် ပညာရေးဆိုင်ရာလုပ်ငန်းများကို နည်းလမ်းသစ်များသုံးကာ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး သင်တန်းများကိုလည်း အွန်လိုင်းမှတဆင့် ပို့ချနေပါသည်။

EU (ဥရောပကုလသမဂ္ဂ) မှ ထောက်ပံ့ထားသော MyJustice အစီအစဉ်နှင့် DFID (နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန) မှ ထောက်ပံ့ထားသော "ဆုံစည်း"အစီအစဉ် များအနေနှင့် လက်ရှိအခြေအနေအား တုံ့ပြန်ဆောင်ရွက်ရန် နည်းလမ်းအသစ်များရှာဖွေနေပါသည်။

ကျွန်ုပ်တို့၏ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အစဉ်အမြဲ မြန်မာနိုင်ငံတစ်ဝှမ်းမှအသုံးပြုနိုင်စေရန် ဖွင့်လှစ်ထားဆဲဖြစ်ပါသည်။ အကောင်းဆုံး ဒစ်ဂျစ်တယ်စာအုပ်များ၊ မဂ္ဂဇင်းများ၊ တေးဂီတနှင့် ယဉ်ကျေးမှုဆိုင်ရာအကြောင်းအရာများကို မည်သို့ ရယူဖတ်ရှုနိုင်ကြောင်းကို ဤနေရာတွင်လေ့လာနိုင်ပါသည်။

လူစုလူဝေးရှောင်ရှားခြင်းနှင့် ကျန်းမာရေး အကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ မေလထဲတွင် ရန်ကုန်မြို့ရှိ စာကြည့်တိုက်ကို ပြန်လည်ဖွင့်လှစ်ရန် စမ်းသပ်မှုများကိုလည်း စီစဉ်နေပါသည်။

#CultureConnectsUs

ဗြိတိသျှကောင်စီကိုယ်စား ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအပေါ်တွင် ထားရှိဆဲ ကတိကဝတ်များနှင့် အားပေးကူညီနေမှုများကို ယုံကြည်စိတ်ချရန် ထပ်မံ ပြောကြားလိုပါသည်။ မြန်မာနိုင်ငံနှင့် နှစ်ရှည်လများ တည်ရှိနေခဲ့သောခင်မင်ရင်းနှီးမှုအတွက် အလွန်ဂုဏ်ယူမိပါသည်။ လက်ရှိကပ်ရောဂါကြောင့် ဖြစ်ပေါ်နေသော

အခက်အခဲများရှိသော်လည်း နှစ်သစ်မှာ မြန်မာနိုင်ငံနှင့် ယူကေနိုင်ငံရှိ ပြည်သူများနှင့် အဖွဲ့အစည်းများကို ချိတ်ဆက်ပေးရန် နည်းလမ်းသစ်များကို ရှာဖွေသွားရန် မျှော်လင့်နေပါသည်။

Dr Richard Sunderland
ညွှန်ကြားရေးမှူး
ဗြိတိသျှကောင်စီ မြန်မာ